သဘာဝပတ်ဝန်းကျင်အရကြည့်လျှင်၊ AOI သည် လုပ်ကွက်အမှတ် A-1 (ရှိနေပြီးသော ပစ္စည်း အဆောက်အအုံများတည်ရှိရာနေရာ)ဆောင်ရွက်မှုဧရိယာရှိ ရေပြင်များ နှင့် ရခိုင်ပြည်နယ် ကမ်းလွန် အနီးဝန်းကျင်ရေပြင်များဖြင့် ဖြစ်ပေါင်းစပ်လျက် ရှိပါသည်။ စီမံကိန်းသည် အနီးဆုံးကမ်းရိုးတန်းမှ ၅၁ ကီလိုမီတာခန့်အကွာတွင် တည်ရှိသောကြောင့်၊ အနီးပတ်ဝန်းကျင်ဆိုင်ရာ အလေးပေးမှုမှာ လုပ်ကွက်အမှတ် A-3 ၌ တည်ရှိနေသော ရေပြင်ပတ်ဝန်းကျင် ဖြစ်ပါသည်။ အနီးပတ်ဝန်းကျင် နှင့် AOI အပြင်ဘက်ပတ်ဝန်းကျင်ဆိုင်ရာ ယေဘုယျဒေသဖော်ပြချက်ကို အထောက်အကူပြုရန် ရခိုင်ကမ်းရိုးတန်းတစ်လျှောက် ရေတိမ်ပိုင်း၊ ကမ်းရိုးတန်းနေရာများ နှင့် မျိုးစိတ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထောက်ပံ့ပေးပါသည်။ လေ နှင့် အသံ ထုတ်လွှတ်မှုများ၊ စွန့်ပစ်ပစ္စည်းစွန့်ထုတ်မှုများ၊ နှင့် တူးဖော်ရေးစွန့်ထုတ်မှုများမှ ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများသည် လုပ်ကွက်အမှတ် A-1 အတွင်းသာ ကွက်၍ဖြစ်ပေါ်နိုင်ပြီး၊ ကမ်းရိုးတန်းထိခိုက်လွယ်နေရာများ (ပင်လယ်မြက် နှင့် ဒီရေတော) သို့မဟုတ် ကုန်းပေါ် ပတ်ဝန်းကျင်အပေါ် သက်ရောက်မရှိနိုင်ပါ။ ထို့ပြင်၊ တွင်းများသည် ရေနံကို ပစ်မှတ်ထားခြင်း မဟုတ်ဘဲ ဓာတ်ငွေ့ကိုသာပစ်မှတ်ထားခြင်းကြောင့်၊ မမျှော်လင့်ထားသည့် ယိုဖိတ်မှု ဖြစ်ရပ်များသည် ကမ်းရိုးတမ်းနေရာများကို သက်ရောက်နိုင်ခြေ မရှိပါ။ ဤစီမံကိန်း၏ အစိတ်အပိုင်းအနေဖြင့်၊ ကုန်းပေါ်၌ ပစ္စည်းအဆောက်အအုံများတည်ဆောက်မည် မဟုတ်ပါ။ မြေပြင်မှ အနီးဆုံးပစ္စည်း အဆောက်အအုံနေရာမှာ အနောက်ဘက်သို့ ၅၁ ကီလိုမီတာခန့် ကွာဝေးပါသည်။

လူမှုရေးရှုထောင့်မှကြည့်လျှင်၊ စီမံကိန်း၏ AOI တွင် စစ်တွေ၊ အဓိကဆုံးဖြတ်ချက်ချမှတ်သည့်နေရာ များ (ရန်ကုန် နှင့် နေပြည်တော်)၊ နှင့် ရခိုင်ကမ်းလွန်ရေပြင်တွင် ငါးဖမ်းလုပ်ကိုင်သည့် ရေလုပ်သား များရှိသော မြို့တို့ ပါဝင်ကြပါသည်။ စီမံကိန်း၏ တည်နေရာအကွာအဝေးကြောင့်၊ စီမံကိန်းသည် ရခိုင်ပြည်နယ်ရှိ ဒေသခံကျေးရွာများ သို့မဟုတ် ရပ်ရွာများအပေါ် သက်ရောက်မှုမရှိနိုင်ပါ။ ထို့ကြောင့်၊ ထိခိုက်မှုဆန်းစစ်ခြင်း၏ အလေးပေးမှုမှာ ကြီးမားသောကမ်းလွန်ငါးဖမ်းလုပ်ငန်းများ နှင့် ငါးဖမ်းရေယာဉ်များဖြစ်ကြပါသည်။

မူလကမ်းလွန်အဏ္ဏဝါပတ်ဝန်းကျင်အခြေခံအချက်အလက်စစ်တမ်းများကို ၂၀၀၇ ခုနှစ် ကာလ အဆင့် ၁ ရွှေဖွံ့ဖြိုးရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ စုစုပေါင်း နမူနာ ၇၀ နေရာကို ကောက်ယူခဲ့ပါသည်။ ဤစစ်တမ်းများသည် ယင်းအချိန်က ကမ်းလွန်အဏ္ဏဝါ ပတ်ဝန်းကျင်၏ တည်ရှိသော အခြေအနေများကို ဖော်ပြပေးပါသည်။ ယင်းအချက်အလက်များကို ယခု EIA ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့သော နယ်ပယ်အတိုင်းအတာသတ် မှတ်ခြင်း လေ့လာချက်အတွက် ပြန်လည်သုံးသပ်ခဲ့ပါသည်။ ၎င်းစစ်တမ်းများ နှင့် လက်ရှိစီစဉ်ထားသော လုပ်ငန်းများအကြား အချိန်ကွာဟချက်ကြောင့်၊ ကာလအဆင့် ၂ ရွှေဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အခြေခံမအချက်အလက်အသစ်ကောက်ယူရန် လိုအပ်သည်ဟု တွက်ချက် ပါသည်။

ယခင်ကောက်ယူခဲ့သောအချက်အလက်များကိုထောက်ပံ့နိုင်ရန် နမူနာ ၂၆ နေရာ၌ အဆိုပြု ကာလအဆင့် ၂ ရွှေဖွံ့ဖြိုးရေးလုပ်ငန်း (ရွှေဖြူလုပ်ကွင်း၌ ၁၂ နေရာ၊ ရွှေလုပ်ကွင်း၌ ၄ နေရာ နှင့် မြလုပ်ကွင်း၌ ၁၀ နေရာ) အတွက် ၂၀၁၇ မတ်လတွင် ကောက်ယူခဲ့ပါသည်။ စစ်တမ်းမစတင်မီ ထောက်ပံ့ပေးခဲ့သော အဆိုပြုလုပ်ကွင်းပုံစံအပေါ်အခြေပြု၍ အဆိုပြုတွင်းများသို့မဟုတ် အဆောက် အအုံများ၏ မြောက်ဘက် နှင့် တောင်ဘက်တို့တွင် နမူနာကောက်ယူရေးစခန်းများကို တည်ထားခဲ့ ပါသည်။ ကာလအဆင့် ၂ ရွှေဖွံ့ဖြိုးရေးလုပ်ငန်းတွင် မြလုပ်ကွင်းမပါဝင်သောလည်း၊ ၎င်းနေရာသည် စစ်တမ်းပြီးပြည့်စုံမှုနယ်ပယ်အတိုင်းအတာတွင် ပါဝင်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် ကောက်ယူခဲ့သော ပင်လယ်အနည်အနစ်နမူနာများသည် ရွှေဖြူ နှင့် ရွှေ လုပ်ကွင်း များရှိ သတ္တုပါဝင်မှုများ တူညီကြောင်း တွေ့ရှိရပါသည်။ ကွဲပြားချက်အနည်းငယ်မှာ ပို၍ရေတိမ်ပိုင်းဖြစ်သော ရွှေဖြူ နှင့် ရွှေလုပ်ကွင်းများတွင်ကောက်ယူခဲ့သည်များနှင့် ပို၍နက်သည့် မြလုပ်ကွင်း၌ ကောက်ယူခဲ့သော သတ္တု (ဥပမာ - ကြေး၊ ခဲ၊ သွပ်၊ ခရိုမီယမ်ဒြပ်၊ နီကယ် နှင့် ဗေရီယမ်) ပါဝင်မှု မှာ ပိုမိုမြင့်မားကြောင်းတွေ့ရှိရပါသည်။ ၂၀၁၇ စစ်တမ်းအပေါ်အခြေပြု၍၊ သတ္တုပါဝင်မှုများသည် ပတ်ဝန်းကျင်စိုးရိမ်မှုဆိုင်ရာ (သတ္တု) ပါဝင်မှုအရကြည့်လျှင် သတ္တုပါဝင်မှုမရှိဘဲ သဘာဝအခြေအနေ ဖြစ်ရပ်များသာ ဖြစ်ကြောင်း ညွှန်ပြနေပါသည်။ ၂၀၀၇ ခုနှစ်မှ အနည်အနစ်ကောက်ယူမှုနမူနာများ နှင့် နှိုင်းယှဉ်လျှင်၊ ဤကာလသက္ကရာဇ်များအတွင်း သတ္တုပါဝင်မှုမှာ တိုးပွားလာမှု မရှိပါ။ *ဇယား ၁.၂* တွင် ၂၀၀၇ နှင့် ၂၀၁၇ တို့တွင် တွေ့ရှိရသော ပင်လယ်အနည်အနစ်နမူနာရလဒ်များကို ခြုံ၍အကျဉ်း ချုပ် တင်ပြထားပါသည်။

*ဇယား ၁.၂ ၂၀၀၇ နှင့် ၂၀၁၇ တို့၏ ပင်လယ်အနည်အနစ်နမူနာရလဒ်များ နှိုင်းယှဉ်မှု အကျဉ်းချုပ်*

| ညွှန်းကိန်းများ | အဓိကလေ့လာမှုများ | အကျဉ်းချုပ် |
|---|---|---|
| စုစုပေါင်း အော်ဂဲနစ်ကာဗွန် | စစ်တမ်းနှစ်ခုလုံးတွင် ကောက်ယူ ခဲ့သော ပင်လယ်အနည်အနစ်များတွင် အော်ဂဲနစ်ပါဝင်မှုမှာ တူညီကြပါသည်။ | ၂၀၀၇ နှင့် ၂၀၁၇ တို့အကြား မှတ်သားလောက်သည့် အပြောင်းအလဲမတွေ့ရပါ |
| ဟိုက်ဒရိုကာဗွန်များရောနှောပါဝင်မှု (TPH) နှင့် ဆီ နှင့် ဆီအနစ်များ | TPH နှင့် ဆီ နှင့် ဆီအနစ်များမှာ စစ်တမ်းနှစ်ခုလုံး၌ အကန့်အသတ် အောက် ရောက်ရှိနေပါသည်။ | ၂၀၀၇ နှင့် ၂၀၁၇ တို့အကြား မှတ်သားလောက်သည့် အပြောင်းအလဲမတွေ့ရပါ |
| သတ္တုများ | ၂၀၁၇ စစ်တမ်းအပေါ်အခြေပြု၍၊ သတ္တုပါဝင်မှုများသည် ပတ်ဝန်းကျင် စိုးရိမ်မှုဆိုင်ရာ (သတ္တု) ပါဝင်မှုအရ ကြည့်လျှင် သတ္တုပါဝင်မှုမရှိဘဲ သဘာဝအခြေအနေ ဖြစ်ရပ်များသာ ဖြစ်ကြောင်း ညွှန်ပြနေပါသည်။ | သတ္တုပါဝင်မှုတိုးလာကြောင်း မတွေ့ရပါ |

*ဇယား ၁.၃* တွင် ၂၀၀၇ နှင့် ၂၀၁၇ တို့တွင် တွေ့ရှိရသော ပင်လယ်ရေနမူနာရလဒ်များကို ခြုံ၍ အကျဉ်းချုပ် တင်ပြထားပါသည်။

*ဇယား ၁.၃ ၂၀၀၇ နှင့် ၂၀၁၇ တို့၏ ပင်လယ်ရေနမူနာရလဒ်များ နှိုင်းယှဉ်မှု အကျဉ်းချုပ်*

| ညွှန်းကိန်းများ | အဓိကလေ့လာမှုများ | အကျဉ်းချုပ် |
|---|---|---|
| ရေအပူချိန် နှင့် ဆားပါဝင်မှု | ဆားပါဝင်မှုမှာ တူညီပြီး၊ ၂၀၁၇ နမူနာ ကောက်ယူသောကာလ၌ ယေဘုယျ အားဖြင့် ပင်လယ်ရေမှာ အနည်းငယ် မြင့်တက်နေပါသည်။ ဆိုလိုသည်မှာ ကမ်းလွန်ပတ်ဝန်းကျင်၌ သဘာဝ အလျောက်ဖြစ်ပေါ်တတ်သော ကွဲပြားမှုကို ဖော်ပြနေပါသည်။ | ၂၀၀၇ နှင့် ၂၀၁၇ တိုအကြား မှတ်သားလောက်သည့် အပြောင်းအလဲမတွေ့ရပါ |
| အစိုင်အခဲပါဝင်မှု နှင့် ရေမကြည်လင်မှု | စစ်တမ်းနှစ်ခုလုံးတွင် TSS ပါဝင်မှုမှာ နည်းပါးကြောင်း ကောက်ယူခဲ့သော ပင်လယ်ရေနမူနာများမှ သိရှိရပြီး၊ ၎င်းမှာ ကမ်းလွန်ပတ်ဝန်းကျင်အတွက် ပုံမှန်ဖြစ်ပါသည်။ | ၂၀၀၇ နှင့် ၂၀၁၇ တိုအကြား မှတ်သားလောက်သည့် အပြောင်းအလဲမတွေ့ရပါ |
| အောက်ဆီဂျင်ပျော်ဝင်ပါဝင်မှု၊ ဓာတုအောက်ဆီဂျင်လိုအပ်ချက် နှင့် ဇီဝအောက်ဆီဂျင် လိုအပ်ချက် | ၂၀၁၇ ကို ၂၀၀၇ နှင့် နှိုင်းယှဉ်လျှင်၊ OD အဆင့်များမှာနည်းပြီး၊ အော်ဂဲနစ် ပါဝင်မှုများ မြင့်မားကြောင်းတွေ့ရ ပါသည်။ ၎င်းမှာ ကမ်းလွန်ပတ်ဝန်းကျင် ၏ သဘာဝအလျောက် ကွဲပြားချက်များဖြစ်ပါသည်။ | ၂၀၀၇ နှင့် ၂၀၁၇ တို့အကြား ကွဲပြားမှုအနည်းငယ်တွေ့ရသော်လည်း၊ သဘာဝအလျောက်ကွဲပြားမှုဖြစ်ကြောင်း သတ်မှတ်ပါသည်။ |
| ဓာတ်ပါဝင်မှု | ကမ်းလွန်တွင် ဓာတ်ပါဝင်မှုနည်းကြောင်း တွေ့ရပါသည်။ | ၂၀၁၇ တွင် ဓာတ်ပါဝင်မှုများကို တိုက်ရိုက်တိုင်းတာမှု များမပြုလုပ်ခဲ့သော်လည်း၊ မှတ်သားလောက်သည့် ကွဲပြားခြားနားသွားသောဓာတ်ပါဝင်မှု အခြေအနေများ မတွေ့ရပါ။ |
| သတ္တုများ | ၂၀၀၇ နှင့် ၂၀၁၇ စစ်တမ်းများတွင် သတ္တုများပါဝင်မှုမှာ နည်းပါးကြောင်းတွေ့ရပြီး၊ ညစ်ညမ်းမှုမရှိသော ကမ်းလွန်ပတ်ဝန်းကျင်ကို ကိုယ်စားပြုကြောင်း သတ်မှတ်ပါသည်။ | ကောက်ယူခဲ့သည့်ပင်လယ်ရေနမူနာများ တွင် သတ္တုပါဝင်မှုမှာ ပိုများလာကြောင်းမတွေ့ရဘဲ၊ ကွဲပြားမှုများ သဘာဝအလျောက် ကွဲပြားမှုဖြစ်ကြောင်း သတ်မှတ်ပါသည်။ |
| pH | ပင်လယ်ရေ pH သည် စစ်တမ်းတို့တွင် တူညီကြပါသည်။ | ၂၀၀၇ နှင့် ၂၀၁၇ တိုအကြား မှတ်သားလောက်သည့် အပြောင်းအလဲမတွေ့ရပါ |
| ဟိုက်ဒရိုကာဗွန်များရောနှော ပါဝင်မှု (TPH) နှင့် ဆီ နှင့် ဆီအနစ်များ | TPH နှင့် ဆီ နှင့် ဆီအနစ်များမှာ စစ်တမ်းနှစ်ခုလုံး၌ အကန့်အသတ် အောက် ရောက်ရှိနေပါသည်။ | ၂၀၀၇ နှင့် ၂၀၁၇ တိုအကြား မှတ်သားလောက်သည့် အပြောင်းအလဲမတွေ့ရပါ |

၂၀၀၇ မတ်လ နှင့် ၂၀၁၇ မတ်လတို့တွင် ရွှေဖြူ၊ ရွှေ နှင့် မြ လုပ်ကွင်းများ၌ လုပ်ငန်းဆောင်ရွက်ရေး ဧရိယာအတွင်း ရေအောက်နေသက်ရှိသတ္တဝါများနမူနာတွင် ပက်ကျိမျိုးစိတ် (gastropods)၊ ပုဇွန်မျိုးစိတ် (crustanceans) နှင့် ခရုမျိုးစိတ် (bivalves) အပါအဝင် အခြားသတ္တဝါများ၊ အမွေးတို ပါသောပိုးကောင်များ (Polychaetes) ဖြင့် လွှမ်းမိုးနေသည့် သတ္တဝါများ ပေါ်များစွာကျဲနေခြင်း၊ ကွဲပြားမှုမြင့်ခြင်း၊ အမျိုးစုံမှုနည်းခြင်း ကိုတွေ့ရှိရပါသည်။ ၂၀၀၇ နှင့် ၂၀၁၇ စစ်တမ်းများအကြား သေငယ်သောရေအောက်နေသတ္တဝါများ၏ အရေအတွက်ပေါ်များမှု (သိပ်သည်းမှု) မှာ တူညီသော်လည်း၊ ၂၀၁၇ တွင်ဆောင်ရွက်ခဲ့သည့် အစုအဝေးများတွင် ပမာဏ နှင့် မျိုးစုံမှုအားဖြင့် အနည်းငယ် မြင့်မားနေပါသည်။ ခြုံငုံဆိုရလျှင်၊ လုပ်ငန်းနေရာ၏ ပျော့ပျောင်းသောအနည်အနစ်နှင့် ဆက်နွယ်နေ သော ရေအောက်နေသက်ရှိများသည် ပေါ်များကျယ်ပြန့်ပြီး၊ ဒေသရှိ

ကမ်းလွန်ရေတိမ်ပိုင်း နှင့် ကုန်းစောင်းပိုင်းအတွက် လုံလောက်သောကိုယ်စားပြုမှုများရှိပါသည်။ သဘာဝထိခိုက်လွယ်မှုနည်းသည်ဟု သတ်မှတ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုဧရိယာရှိ ရေအနက်အကြောင့်၊ ပင်လယ်ကြမ်းပြင် သို့ အလင်းဖောက်နိုင်မှုမရှိဘဲ၊ ပင်လယ်မြက်များ၊ ပင်လယ်ရေညှိ သို့မဟုတ် သတ္တာကျောက်တန်းများ ကဲ့သို့သော မူလကြီးထွားမှုကို ဖြစ်ပေါ်စေပြီး၊ ၎င်းအုပ်စုများသည် လုပ်ငန်းဆောင်ရွက်သည့် ဧရိယာများရှိ ကြမ်းပြင်နေရာများတွင် ရှိမနေကြပါ။

မြန်မာ့ရေပြင်တွင် စုစုပေါင်း ceteceans (ဝေလ နှင့် လင်းပိုင်) မျိုးစိတ် ၂၅ မျိုး ရှိကြောင်း မှတ်တမ်းတင်ထားပါသည် သို့မဟုတ် ရှိနိုင်ခြေရှိပါသည် (Holmes et al၊ ၂၀၁၄၊ IUCN၊ ၂၀၁၇)။ မြန်မာကမ်းရိုးတန်းရေပြင်များတွင် sirenian (ရေဝက်; *Dugong dugon*) မျိုးစိတ် တစ်မျိုး ရှိကြောင်း လည်း အတည်ပြုထားပါသည် (Tun and Ilangakoon၊ ၂၀၀၆)။ လုပ်ငန်းဆောင်ရွက်မည့် ဧရိယာ ၏ အကွာအဝေး (ကမ်းမှ ၅၁ ကီလိုမီတာ) ကြောင့်၊ ပင်လယ်ပြင်ရှိ အဏ္ဏဝါနို့တိုက်သတ္တဝါမျိုးစိတ်များသည် အဓိကထည့်သွင်းစဉ်းစားရမည့် မျိုးစိတ်ဖြစ်ပါသည်။ IUCN မှ စာရင်းပြုထားသော cetacean မျိုးစိတ်နှစ်မျိုးမှာ မြန်မာ့ပင်လယ်ရေပြင်ရှိကြောင်း အတည်ပြုသည် သို့မဟုတ် ရှိနိုင်ခြေရှိပါသည် - ၎င်းတို့မှာ blue ဝေလမျိုးစိတ် (*Balaenoptera musculus*၊ မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်) နှင့် sperm ဝေလမျိုးစိတ် (*Physeter macrocephalus*၊ ထိခိုက်လွယ်မျိုးစိတ်) တို့ဖြစ်ကြပါသသည်။ နောက်ထပ် မျိုးသုဉ်းပျောက်ကွယ်တော့မည့် cetacean မျိုးစိတ် တစ်မျိုးမှာ fin ဝေလမျိုးစိတ် (*Balaenoptera physalus*) ဖြစ်ပြီး၊ မြန်မာ့ရေပြင်တွင် ရှိနေနိုင်ခြေများပါသည် (Holmes et al. ၂၀၁၄)။

ရခိုင်ပြည်နယ် ရေပြင်တွင် တွေ့ရှိရသည့် ပင်လယ်လိပ်မျိုးစိတ် ၅ မျိုးရှိပြီး၊ ၎င်းတို့အားလုံးမှာ IUCN ၏ မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ် စာရင်းဝင်များဖြစ်ကြ ပါသည်။ ၎င်းတို့မှာ olive ridley turtle (*Lepoidochely olivacea*; မျိုးသုဉ်းပျောက်ကွယ်တော့ မျိုးစိတ်)၊ loggerhead turtle (Caretta caretta; မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်)၊ green turtle (*Chelonia mydas*; ထိခိုက်လွယ် မျိုးစိတ်)၊ hawksbill turtle (*Eretmochelys imbricata*; အထူးစိုးရိမ်ရ သော မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်)၊ နှင့် leatherback turtle (*Dermochelys coriacea*; မျိုးသုဉ်း ပျောက်ကွယ် တော့မည့် မျိုးစိတ်) တို့ဖြစ်ကြ ပါသည်။ hawksbill လိပ်မျိုး နှင့် leatherback လိပ်မျိုး တို့ကို တွေ့ရှိရကြောင်း ရခိုင်ကမ်းရိုးတမ်းဧရိယာ၏ အချို့နေရာများမှ ရေလုပ်သားများမှ အခါအားလျော်စွာ တင်ပြကြပြီး၊ green turtle ကို ကမ်းလွန်ရေပြင်တွင် တွေ့ရှိရကြောင်း မှတ်တမ်းတင်ထားပါသည်။ ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP) အချက်အလက်တွင် ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်းတို့၏ သဲထူသော ကမ်းနေရာများ နှင့် ၎င်းနှင့်ဆက်စပ်နေသော ကမ်းရိုးတမ်းကျွန်းငယ်များသည် green လိပ်၊ olive ridley လိပ် နှင့် and hawksbill လိပ်တို့ အတွက် အသိုက်နေရာများဖြစ်သည်ဟု ဖော်ပြထား ပါသည်။ Oyster Island သည် လုပ်ကွက်အမှတ် A-1 ၏ လုပ်ငန်းဆောင်ရွက်ရေးနေရာနှင့် အနီးဆုံးဖြစ်ပြီး၊ ၄၅ ကီလိုမီတာခန့် ကွာဝေးပါသည်။ hawksbill နှင့် green လိပ်မျိုးများအတွက် အသိုက်ပြုလုပ်ရာနေရာဖြစ်သောကြောင့် ၎င်းကျွန်းကို အဓိကအရေးပါသောဇီဝမျိုးစုံမျိုးကွဲဧရိယာဟု သတ်မှတ်ထားပါသည်။

စီမံကိန်း၏ ကမ်းလွန်တွင်တည်ရှိသောသဘောသဘာဝကြောင့်၊ လူမှုပတ်ဝန်းကျင်ကို ငါးဖမ်းလုပ်ငန်းအပေါ် အလေးပေးခဲ့ပါသည်။ ရခိုင်ရှိ ငါးလုပ်ငန်းအများစုကို ကမ်းမှ ၁၆ ကီလိုမီတာအတွင်း ဆောင်ရွက်ကြပြီး၊ ရေယာဉ်ကြီးများအတွက် ကမ်းမှ ၅၀ ကီလိုမီတာအထိ ထွက်ဖမ်းကြမှုမှာ တွေ့ရနည်းပါသည်။ အနီးဆုံးကမ်းရိုးတမ်းမှ စီမံကိန်းဧရိယာသည် ၅၁

ကီလိုမီတာအကွာတွင် တည်ရှိနေပြီး၊ ဒေသခံငါးဖမ်းရေယာဉ်များ နှင့် အဆိုပြုစီမံကိန်းလုပ်ငန်းများအကြား ထိတွေ့နိုင်မှု မရှိနိုင်ပါ။ ရခိုင်ပြည်နယ်အပြင်ဘက် (ဥပမာ - မြန်မာနိုင်ငံ၏ အခြားနေရာများ နှင့် အခြား နိုင်ငံများမှ ဆွဲပိုက်ရေယာဉ်ကြီးများ) မှ ဆွဲပိုက်ရေယာဉ်ကြီးများသည် ရခိုင် ကမ်းလွန်ရေနက်ရေပြင် အတွင်း ဆောင်ရွက်နေနိုင်သည်ကို သတိထားရမည် ဖြစ်ပါသည်။ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းများကို စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်၊ နှင့် ရမ်းဗြဲ တို့တွင် ဒေသခံ ရေလုပ်သားများနှင့် ၂၀၁၆ နိုဝင်ဘာ လ နှင့် ၂၀၁၇ မတ်လ တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ ရေလုပ်သားများထံမှ ကောက်ယူခဲ့သော အတင်းအချက်အလက်များအကျဉ်းချုပ်ကို *ဇယား ၁.၄* တွင် တင်ပြထားပါသည်။

*ဇယား ၁.၄ ၂၀၁၇ မတ်လမှ ကောက်ယူခဲ့သည့် ငါးနှင့်ပတ်သက်သည့် အချက်အလက်များ*

| ကျေးရွာ / စခန်း | ရေယာဉ် အမျိုး အစား | ငါးဖမ်းရေယာဉ် အရွယ်အစား | ငါးဖမ်းရာနေရာများ | ငါးဖမ်းကာလ |
|---|---|---|---|---|
| စစ်တွေ | အသေး<br>အလတ်<br>အကြီး | ၁၃-၂၇ ပေ<br>၃၄-၃၆ ပေ<br>၅၀-၅၂ ပေ | ကမ်းမှ ၅ မိုင်အထိ<br>ကမ်းမှ ၂၅-၂၇ မိုင် အထိ<br>ကမ်းမှ ၂၅-၂၇ မိုင် အထိ | မေလ မှ ဇူလိုင် (အကောင်းဆုံး ရာသီ) (ကမ်းနီးရေလုပ်သားများ) ဧပြီလ မှ စက်တင်ဘာလ (ကမ်းမှ ၁၀ မိုင်အထက် ကမ်းလွန်) |
| ကျောက်ဖြူ | အသေး<br>အလတ်<br>အကြီး | မသိရပါ<br>၃၀ ပေ<br>မသိရပါ | ကမ်းမှ ၁၀ မိုင်အထိ<br>ကမ်းလွန်ရေနက်ပိုင်းတွင် ငါးဖမ်းလုပ်ငန်းများ အပြုလုပ်ကြပါ | မေလ မှ ဇူလိုင်လ (အကောင်းဆုံးရာသီ) (ကမ်းနီး) |
| ရမ်းဗြဲ | အသေး<br>အကြီး | မသိရပါ။<br>၃၅-၄၀ ပေ | မာန်အောင်ကမ်းမှ ၂ မိုင်အထိ။ အများအားဖြင့် မာန်အောင် နှင့် ရမ်းဗြဲ အကြား။<br>မာန်အောင်ကမ်းမှ ၄ မိုင်အထိ | နိုဝင်ဘာလ မှ ဧပြီလ (ကမ်းလွန်)။ အောက်တိုဘာလ မှ မေလ သည် အဓိကငါးဖမ်းရာသီဖြစ်ပါသည်။ |
| မာန်အောင် | အသေး<br>အကြီး | ၂၀ ပေ<br>၃၅-၄၀ ပေ | မာန်အောင်မှ ၁၀ မိုင်၊ အများအားဖြင့် မာန်အောင်မှ ၅ မိုင်အတွင်း | တစ်နှစ်လုံးငါးဖမ်း။ ငါးဖမ်းအများဆုံးကာလ မှ နိုဝင်ဘာလ မှ ဇန်နဝါရီလ အထိ ဖြစ်ပါသည်။ |

## ၁.၅ *ထိခိုက်မှုဆန်းစစ်ခြင်း နှင့် အဆိုပြုလျှော့ချရေးအစီအမံများ*

EIA သည် စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ၏ အဆင့်ကို လျှော့ချရန် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ နှင့် အဆိုပြုလျှော့ချရေးအစီအမံများကို ဆန်းစစ်ခဲ့ပြီး ဖြစ်ပါသည်။ ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ နှင့် အန္တရာယ်များသည် ပုံမှန်အားဖြင့် ယာယီဖြစ်ပြီး၊ ၎င်းတို့ကို ကောင်းစွာသသော ပေါက်ကာ ယခင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်း အတွေ့အကြုံများမှ အဓိက သဘာဝပတ်ဝန်းကျင် သို့မဟုတ် လူမှု ပတ်ဝန်း ကျင်အပေါ် ဆိုးကျိုး ဖြစ်ပေါ်သည့်အထောက်အထားများ မဆိုစလောက်သာရှိ သို့မဟုတ် မရှိ ကြောင်း ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ကို နိဂုံးချုပ်ထားပါသည်။ ဤဖြစ်ပေါ်လာနိုင်သောသက်ရောက်မှုများ နှင့်

၎င်းနှင့်ဆက်နွယ်သည့် လျှော့ချရေးအစီအမံများကို *ဇယား ၁.၅* တွင် အကျဉ်းချုပ် ဖော်ပြထား ပါသည်။

*ဇယား ၁.၅ ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ နှင့် အဆိုပြု လျှော့ချရေးအစီအမံများ*

| ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှု/ ထိခိုက်မှု | ထိန်းချုပ်ရေး / လျှော့ချရေး အစီအမံများ | ကြွင်းကျန်သက်ရောက်မှု၏ အရေးပါမှု |
|---|---|---|
| **တပ်ဆင်တည်ဆောက်မှုကာလအဆင့်** | | |
| ရေယာဉ်များ နှင့် ရေအောက်အဆောက်အအုံများ ရှိနေမှုကြောင့် ငါးလုပ်ငန်း နှင့် ရေကြောင်း သွားလာရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများ | • တပ်ဆင်ရေးရေယာဉ်များပတ်ပတ်လည်တွင် အချင်းဝက် ၅၀၀ မီတာရှိ ဘေးကင်းရေးဇုန်ထားရှိခြင်း။<br>• ရေယာဉ်များ နှင့် ပလက်ဖောင်းများအားလုံးတွင် မီးအလင်းများရှိပြီး၊ ကျောက်ချရပ်နားထားသည့် နေရာများအားလုံး ကို ရေကြောင်းပြဇော်ယာများဖြင့် အမှတ်အသားပြုလုပ်ထားခြင်း။<br>• ရေကြောင်းသတိပေးထုတ်ပြန်ချက်များကို ပုံမှန်ရေဒီယိုအသံလွှင့်ဌာနများမှတစ်ဆင့် ထုတ်ပြန်ပြီး၊ DoF မှတစ်ဆင့် ဆိပ်ကမ်းတားများများတွင် လည်း ကပ်သွားမည် ဖြစ်ပါသည်။<br>• ခွင့်ပြုမထားသည့် ရေယာဉ်များ စီမံကိန်းဧရိယာအပြင်ဘက်တွင် ရှိနေရန် ကင်းလှည့်မည့်စက်လှေအဖွဲ့သားများမှာ အသင့်အနေအထားဖြင့် ရှိနေခြင်း။<br>• ဤစီမံကိန်းအဆင့်ပြီးမြောက်သွားလျှင်၊ တပ်ဆင်ရေးကိရိယာများအားလုံးသည် စီမံကိန်းဧရိယာမှ ချက်ချင်းပြောင်းရွှေ့သွားမည် ဖြစ်ပါသည်။ | **မပြောပလောက်သော** |
| **တူးဖော်ရေးကာလအဆင့်** | | |
| MODU နှင့် ထောက်ပံ့ရေးရေယာဉ်များရှိနေမှုကြောင့် ငါးလုပ်ငန်း နှင့် ရေကြောင်းသွားလာရေး လုပ်ငန်းများအပေါ် သက်ရောက်မှုများ | • MODU ပတ်ပတ်လည်တွင် အချင်းဝက် ၅၀၀ မီတာရှိ ဘေးကင်းရေးဇုန်ထားရှိခြင်း။<br>• တိုက်မိမှုများရှောင်ရှားရေး၊ ရေကြောင်းသွားလာရေး နှင့် ထိန်းသိမ်းရေးတို့အတွက် MODU နှင့် ထောက်ပံ့ရေး ရေယာဉ်များကို နိုင်ငံတကာစည်းမျဉ်းများနှင့် အညီ ဆောင်ရွက်ခြင်း။<br>• MODU တွင် မြန်မာဘာသာစကားပြောသည့် အဖွဲ့ဝင်များ ရှိနေခြင်း။<br>• အသင်းအချက်အလက်များ အချိန်နှင့်တပြေးညီ ထုတ်ပြန်ခြင်း (ရေကြောင်းသတိပေးထုတ်ပြန်ချက်ပုံစံဖြင့်)။<br>• ထိခိုက်နစ်နာမှုများကိုတိုင်ကြားခြင်းဆိုင်ရာ ယန္တရားစနစ်ကို ထုတ်ပြန်ခြင်း နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ | **အရေးမပါသော** |
| စီမံကိန်းရေယာဉ်များ (MODU နှင့် ထောက်ပံ့ရေး ရေယာဉ်များအပါအဝင်) နှင့် စက်များ မှ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုကြောင့် ဝန်းကျင်လေ အရည်အသွေး နှင့် ရာသီပြောင်းလဲမှုအပေါ် သက်ရောက်မှုများ | • စွမ်းအင်ဆိုင်ရာစွမ်းဆောင်ရည်ပြည့်ဝသောဒီဇိုင်း နှင့် လည်ပတ်ရေးစက်များအသုံးပြုခြင်း။<br>• MODU နှင့် ထောက်ပံ့ရေးရေယာဉ်များတွင် MARPOL သတ်မှတ်ချက်အရ (ယာဉ်အမျိုးအစားအလိုက်) IAP သက်သေခံလက်မှတ်များရှိခြင်း။<br>• ရေယာဉ်များတွင် သင်္ဘောစွမ်းအင်ဆိုင်ရာစွမ်းဆောင်ရည်ပြည့်ဝသော စီမံခန့်ခွဲရေးအစီအစဉ် (SEEMP) ပါရှိသွားမည် ဖြစ်ပါသည်။<br>• ဖြစ်နိုင်လျှင်၊ ဆာလဖာပါဝင်မှုနည်း ပါးသည့် (အများဆုံး ၀.၀၅ % ဆာလဖာ ဘိုင်မက်စ်) လောင်စာများကို အသုံးပြု သွားမည် ဖြစ်ပါသည်။ | **မပြောပလောက်သော** |
| တူးဖော်ရေးကျစ်စာများ နှင့် တူးဖော်ရေး အရည်များ စွန့်ထုတ်မှုတို့ကြောင့် အနည်အနစ်အရည်အသွေး၊ | • ကျစ်စာများရှိ အများဆုံးကြွင်းကျန်ရေမပါဝင်သည့်အဆင့်တူးဖော်ရေးအရည်သည် ၆.၉ % ဖြစ်မည် ဖြစ်ပါသည်။<br>• သင်္ဘောပေါ်မှ ကျစ်စာများကိုစွန့်ထုတ်ရာတွင်၊ ရေလိုင်း၏ ၁၅ မီတာအောက်သို့ စွန့်ထုတ်သွားမည် ဖြစ်ပါသည်။ | **အရေးမပါသော** (အနည်အနစ်အရည်အသွေး) |

| ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှု/ ထိခိုက်မှု | ထိန်းချုပ်ရေး / လျော့ချရေး အစီအမံများ | ကြွင်းကျန်သက်ရောက်မှု၏ အရေးပါမှု |
|---|---|---|
| ပင်လယ်ရေအရည်အသွေး၊ ရေအောက်နေငါးများ နှင့် ရေပေါ်လွှာနေငါးများအပေါ် သက်ရောက်မှုများ | • အဆိပ်အတောက်ဖြစ်စေမှုနည်းစေရန် ဓာတုပစ္စည်းများအားလုံးကို ရွေးချယ်ဆောင်ရွက်ခြင်း။<br>• ပင်လယ်ရေ သို့မဟုတ် WBDF မှ လိုအပ်သောနည်းပညာဆိုင်ရာကိစ္စရပ်များကို မထောက်ပံ့နိုင်တော့မှသာလျင်၊ NADF ကို အသုံးပြုခြင်း။<br>• NADF ကြွင်းကျန်များအားလုံးကို သန့်စင်ရန်၊ ပြန်လည်အသုံးပြုရန် သို့မဟုတ် စွန့်ပစ်ရန် ကုန်ပေါ်သို့ပို့ဆောင်မည် ဖြစ်ပါသည်။ NADF တူးဖော်ရည်များကို ပမာဏကြီးမားစွာ စွန့်ထုတ်မည်မဟုတ်ပါ။<br>• စွန့်ထုတ်မည့် သန့်စင်ထားသောရွံ့၏ ပုံမှန်ဆီပါဝင်မှုမှာ ပမာဏအားဖြင့် ၁% သို့ ကန့်သတ်သွားမည် ဖြစ်ပါသည်။ | **မပြောပလောက်သော (ရေအောက်ကြမ်းပြင်အရည်အသွေး)**<br>**အရေးမပါသော (ရေအရည်အသွေး)**<br>**မပြောပလောက်သော (ငါး နှင့် ရေပေါ်လွှာနေမျိုးစိတ်များ)** |
| တူးဖော်မှု၊ VSP၊ နှင့် ရေယာဉ်ရွေ့လျားမှုများ မှ ရေအောက်အသံများကြောင့် အဏ္ဏဝါသတ္တဝါများ (ငါး၊ နို့တိုက်သတ္တဝါများ နှင့် လိပ်များ) အပေါ် သက်ရောက်မှုများ | • VSP လည်ပတ်မှုမစတင်မီ၊ MODU သို့မဟုတ် ရေယာဉ်၏ ၁ ကီလိုမီတာ (စောင့်ကြည့်ရေးဇုန်) အတွင်း ပင်လယ်သတ္တဝါများရှိ မရှိကို ၂၀ မိနစ်ကြာ ကြည့်ရှုခြင်း။<br>• ပင်လယ်သတ္တဝါများအတွက် နေရာမှထွက်ခွာချိန်အလုံအလောက်ရရှိရန် (အနည်းဆုံး ၂၀ မိနစ်) VSP ကို ဖြေးညှင်းစွာ စတင်ဆောင်ရွက်ခြင်း။<br>• သတ္တဝါများ ဇုန်နေရာ (၅၀၀ မီတာ) မှ ထွက်ခွာသွားသောအခါ သို့မဟုတ် မြင်တွေ့ပြီးနောက် ၃၀ မိနစ်ကြာသော အခါမှ ဖြေးညှင်းစွာစတင်လည်ပတ်ရေး လုပ်ငန်းကို ပြည်လည် ဆောင်ရွက်ခြင်း။<br>• နို့တိုက်သတ္တဝါများ သို့မဟုတ် လိပ်များရှိနေ မရှိနေ သတ်မှတ်ဖော်ထုတ်ရန် လေ့လာရေးဇုန် (၁ ကီလိုမီတာ) ကို အဆက်အပြတ် ကြည့်ရှုဆောင်ရွက်နေခြင်း။<br>• လုပ်ငန်းမစတင်မီ အစည်းအဝေးအတွင်း၊ သင်္ဘောဝန်ထမ်းအားလုံးသည် လုပ်ငန်းမစတင်မီ နှင့် လုပ်ငန်းလည်ပတ်နေစဉ် ပင်လယ်နို့တိုက်သတ္တဝါများ သို့မဟုတ် လိပ်များကို မြင်တွေ့ရလျင် လေ့ကျင့်သင်ကြားထားသည့်သူများထံ ချက်ချင်းအကြောင်းကြားရန် သတိပေးနှိုးဆော်ထားခြင်း။<br>• VSP လည်ပတ်ရေးကာလအတွင်း ပင်လယ်နို့တိုက်သတ္တဝါများ နှင့် ပင်လယ်လိပ်များလေ့လာမှုကို စောင့်ကြပ်ကြည့်ရှုရန် နှင့် မှတ်တမ်းတင်ရန် လေ့လာသူများကို အသုံးပြုသွားမည်ဖြစ်ပြီး၊ လုပ်ငန်းပြီးဆုံးသည်နှင့် ၎င်းမှတ်တမ်းများအာလုံးကို MONREC သို့ တင်ပြသွားမည် ဖြစ်ပါသည်။ | **အရေးမပါသော** (ငါး)<br>**အတော်အသင့်ဖြစ်သော**<br>(အဏ္ဏဝါနို့တိုက်သတ္တဝါများနှင့် လိပ်များ) |
| **လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလအဆင့်** | | |
| ရေပေါ်အဆောက်အအုံများ နှင့် ရေအောက် အခြေခံအဆောက်အအုံများရှိနေမှုကြောင့် ငါးဖမ်းလုပ်ငန်းနှင့် ရေကြောင်းသွားလာရေး လုပ်ငန်းများအပေါ် သက်ရောက်မှုများ | • တပ်ဆင်ရေးရေယာဉ်များပတ်ပတ်လည်တွင် အချင်းဝက် ၅၀၀ မီတာရှိ ဘေးကင်းရေးဇုန်ထားရှိခြင်း။<br>• ရေယာဉ်များ နှင့် ပလက်ဖောင်းများအားလုံးတွင် မီးအလင်းများရှိပြီး၊ ကျောက်ချရပ်နားထားသည့် နေရာများအားလုံး ကို ရေကြောင်းပြဖော်ယာများဖြင့် အမှတ်အသားပြုလုပ်ထားခြင်း။<br>• ရေကြောင်းသတိပေးထုတ်ပြန်ချက်များကို ပုံမှန်ရေဒီယိုအသံလွှင့်ဌာနများမှတစ်ဆင့် ထုတ်ပြန်ပြီး၊ DoF မှတစ်ဆင့် ဆိပ်ကမ်းတာများများတွင် လည်း ကပ်သွားမည် ဖြစ်ပါသည်။<br>• ခွင့်ပြုမထားသည့် ရေယာဉ်များ စီမံကိန်းဧရိယာအပြင်ဘက်တွင် ရှိနေရန် ကင်းလှည့်မည့်စက်လှေအဖွဲ့သားများမှာ အသင့်အနေအထားဖြင့် ရှိနေခြင်း။<br>• ဤစီမံကိန်းအဆင့်ပြီးမြောက်သွားလျင်၊ တပ်ဆင်ရေးကိရိယာများအားလုံးသည် စီမံကိန်းဧရိယာမှ ချက်ချင်းပြောင်းရွှေ့သွားမည် ဖြစ်ပါသည်။ | **အရေးမပါသော** |

| ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှု/ ထိခိုက်မှု | ထိန်းချုပ်ရေး / လျော့ချရေး အစီအမံများ | ကြွင်းကျန်သက်ရောက်မှု၏ အရေးပါမှု |
|---|---|---|
| ပုံမှန် လည်ပတ်ရေးစွန့်ထုတ်မှုများ (အသုံးပြုပြီးသော ရေ၊ ဆေးကြောရေ) ကြောင့် ပင်လယ်ရေ အရည်အသွေးအပေါ် သက်ရောက်မှုများ နှင့် မျောလျော့၊ ငါး နှင့် ရေပေါ်လွှာနေငါးများအပေါ် ၎င်းနှင့်ဆက်နွယ်သည့်သက်ရောက်မှုများ | • ကြီးမားသောပျံ့နှံ့မှုကို မဖြစ်စေရန် SHP မှ အသုံးပြုပြီးသောရေများကို ရေမျက်နှာပြင် ၉ ၀ မီတာအောက်သို့ စွန့်ထုတ်ခြင်း။<br>• ရှိနေပြီးသော လုပ်ငန်းလည်ပတ်ရေးအဆောက်အအုံ SHP တွင် ကမ်းလွန်၌ အသုံးပြုပြီးရေများကို သန့်စင်ရန် ကိရိယာအဆောက်အအုံများဖြင့် တပ်ဆင်ထားပါသည်။ သန့်စင်ရေးကိရိယာအဆောကအအုံကို ဓာတ်ငွေ့ပါဝင်မှု လျော့ချရေးသိုလှောင်ရေးပုံးကြီး နှင့် ဟိုက်ဒရိုဆိုက်ကလုန်းတို့ ပေါင်းစင်ထားသည့် ၉၆၀ MMscfd အတွက် ဒီဇိုင်းဆင်ထားပါသည်။<br>• အသုံးပြုပြီးရေကို ပင်လယ်ထဲ့သို့ စွန့်ထုတ်ရာတွင် ဆီပါဝင်မှု အနည်းဆုံးဖြစ်စေရန် အမျိုးသားပတ်ဝန်းကျင် အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် အညီဆောင်ရွက် သွားမည် ဖြစ်ပါသည်။ ဆီပါဝင်မှုသည် တစ်ရက်လျင် ၄၂ mg/l ထွက်မပိုစေပဲ၊ တစ်လလျင် ၂၉ mg/l ထက်ပိုသွားမည် မဟုတ်ပါ။<br>• ရေတွင် ဆီပါဝင်မှုကို စစ်ဆေးရန် လုံလောက်သောနမူနာအချက်များကို တင်ပြသွားမည် ဖြစ်ပါသည်။ ပင်လယ်ထဲသို့ အန္တရာယ်ရှိသောဓာတုပစ္စည်းများစွန့်ထုတ်မှုကို လျော့နည်းစေရန် ဓာတုပစ္စည်းများရွေးချယ်မှု နှင့် အသုံးပြုမှု တို့သည် အန္တရာယ်ရှိမှု အပေါ်အခြေပြုထားပါသည်။<br>• အသုံးပြုပြီးသောရေကို ရေတွင်ပျံ့နှံ့မှုကို ထိန်းချုပ်သည့် ရှိနေပြီးသောစွန့်ထုတ်ရေးပုံးမှ ရေအနက် (၂၀ မီတာ) ၌ စွန့်ထုတ်သွားမည် ဖြစ်ပါသည်။ | အရေးမပါသော |
| **စီစဉ်မထားသည့် ဖြစ်စဉ်ဖြစ်ရပ်များ (အဆင့်များအားလုံးအတွက်)** | | |
| အမျှော်လင့်ထားသောယိုဖိတ်မှုများကြောင့် ပင်လယ်သတ္တဝါများအပေါ် သက်ရောက်မှုများ | • ရေယာဉ်စီမံနှုန်းလည်ပတ်ရေးလုပ်ထုံးလုပ်နည်းကို ပြင်ဆင်ပြုစုခြင်း နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။<br>• MARPOL ၇၃/၇၈ နောက်ဆက်တွဲ-I ကို လိုက်နာဆောင်ရွက်ခြင်း။<br>• ဓာတုပစ္စည်းများ နှင့်/ သို့မဟုတ် ဟိုက်ဒရိုကာဗွန်များကို ပစ္စည်းဘေးကင်းရေးအချက်အလက်စာရွက် (MSDS) ပါ နည်းလမ်းများနှင့် အညီ ကိုင်တွယ်ဆောင်ရွက် သိုလှောင်သွားမည် ဖြစ်ပါသည်။<br>• ယိုဖိတ်မှုတုံ့ပြန်ရေးဆိုင်ရာပစ္စည်းအစုံကို ဖြည့်တင်းထားရှိသွားမည် ဖြစ်ပါသည်။<br>• ပုံမှန် ရေကြောင်းဘေးကင်းရေး/ရေကြောင်းသွားလာမှုလုပ်ထုံးလုပ်နည်းကို အကောင်အထည်ဖော်ဆောင်ရွက်သွား မည် ဖြစ်ပါသည်။<br>• MODU ပတ်ပတ်လည်တွင် အချင်းဝက် ၅၀၀ မီတာရှိ ဘေးကင်းရေးဇုန်ထားရှိခြင်း။<br>• တိုက်မိမှုများဖြစ်ပွား၍ လိုအပ်လျင် SOPEP ကို အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။ | မပြောပလောက်သော |
| မမျှော်လင့်ထားသော တိုက်မိမှုများကြောင့် ငါးဖမ်းလုပ်ငန်းများ နှင့် ရေကြောင်းသွားလာရေး လုပ်ငန်းများအပေါ် သက်ရောက်မှုများ | • MODU ပတ်ပတ်လည်တွင် အချင်းဝက် ၅၀၀ မီတာရှိ ဘေးကင်းရေးဇုန်ထားရှိခြင်း။<br>• တိုက်မိမှုများရှောင်ရှားရေး၊ ရေကြောင်းသွားလာရေး နှင့် ထိန်းသိမ်းရေးတို့အတွက် MODU နှင့် ထောက်ပံ့ရေး ယာဉ်များကို နိုင်ငံတကာစည်းမျဉ်းများနှင့် အညီ ဆောင်ရွက်ခြင်း။<br>• MODU တွင် မြန်မာဘာသာစကားပြောသည့် အဖွဲ့ဝင်များ ရှိနေခြင်း။<br>• အသင်းအချက်အလက်များ အချိန်နှင့်တပြေးညီ ထုတ်ပြန်ခြင်း (ရေကြောင်းသိတ်ပေးထုတ်ပြန်ချက်ပုံစံဖြင့်)။<br>• မကျေနပ်ချက်များတိုင်ကြားခြင်းဆိုင်ရာ ယန္တရားစနစ်ကို ထုတ်ပြန်ခြင်း နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ | မပြောပလောက်သော |

## ၁.၆ *ဆက်စပ်သက်ရောက်မှု ဆန်းစစ်ခြင်း*

ဆက်စပ်သက်ရောက်မှုဆန်းစစ်ခြင်း (CIA) တွင် စီမံကိန်းအတွက် အစီရင်ခံသော ကြွင်းကျန်သက် ရောက်မှုများကို ထည့်သွင်းစဉ်းစားပြီး လုပ်ငန်းနေရာများတူညီနေသောနေရာများအပေါ် သက်ရောက်နိုင်သည့် အခြားစီမံကိန်းများ၏ လုပ်ငန်းများမှ ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ ကို တွက်ထုတ်ပါသည်။ ဤသုံးသပ်မှု၏ အဓိကရည်မှန်းချက်မှာ လုပ်ငန်းတစ်ခုချင်းစီမှ လွတ်ကျန်ခဲ့ သည့် စုစုပေါင်းသက်ရောက်မှုများကို ဖမ်းဆုပ်နိုင်ရန် ဖြစ်ပါသည်။

ဆက်စပ်သက်ရောက်မှုများသည် အဆိုပြု စီမံကိန်း (ကာလအဆင့် ၂) ၏ သက်ရောက်မှုများကို အခြားလုပ်ငန်းများ နှင့် ရွှေစီမံကိန်း ကာလအဆင့် ၁ တို့မှ ဖြစ်ပေါ်လာနိုင်သည့် နောက်ထပ် တိုးလာသောသက်ရောက်မှုများနှင့် ပေါင်းလိုက်သောအခါ ဖြစ်ပေါ်လာနိုင်သော ပိုမိုကြီးမားသည့် သက်ရောက်မှုများကို ရည်ညွှန်းပါသည်။ ၎င်းကဲ့သို့သက်ရောက်မှုများသည် ကာလအဆင့် ၁ ရှိ ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ကာလာအဆင့် ၂ ရှိ တွင်းတူးဖော်ရေး နှင့် အဆောက်အအုံများ တပ်ဆင်ဆောင်ရွက်ခြင်းတို့၏ ယာယီထပ်တူကျနေမှုတို့ ကြောင့် ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ပြင်၊ A-3 နှင့် AD-7 တို့ကဲ့သို့သော အခြားလုပ်ကွက်များရှိ လုပ်ငန်းများမှလည်း ပိုမိုကြီးမားသည့် သက်ရောက်မှုကို ဖြစ်ပေါ်စေနိုင်ခြင်း ဖြစ်ပါသည်။

ကာလအဆင့် ၂ ကို လုပ်ကွက်အမှတ် A-1 ရှိ ရွှေဖြူလုပ်ကွင်း နှင့် ရွှေလုပ်ကွင်းတို့တွင် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ စုစုပေါင်း ထုတ်လုပ်ရေးတွင်း ၈ တွင်းကို တူးဖော်ပြီး၊ ရေအောက်အဆောက် အအုံများ (ဥပမာ - ပိုက်လိုင်းများ၊ ပိုက်လိုင်းဖြန့်နေရာများ) ကို တပ်ဆင်သွားမည် ဖြစ်ပါသည်။ လုပ်ကွက်အမှတ် A-1 ကို အခြားလုပ်ကွက်များဖြစ်သည့် A-3၊ A-2၊ AD-6 နှင့် AD-7 တို့ဖြင့် ဝိုင်းပတ်ထားပါသည်။

လုပ်ကွက်အမှတ် A-3 သည်လည်း ရွှေလုပ်ကွင်းဖွံ့ဖြိုးရေး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး၊ ယခုအခါ မြလုပ်ကွင်းမှ ထုတ်လုပ်ရေးတွင်း ၄ တွင်းကို လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင်၊ ပိုက်လိုင်းဖြန့်ရာနေရာကို တပ်ဆင်ပြီး၊ SHP ပလက်ဖောင်းသို့ ၁၂.၅ ကီလိုမီတာ အရှည်ရှိသော ဓာတ်ငွေ့ပိုက်လိုင်းဖြင့် ဆက်သွယ်ထားပါသည်။

ကာလအဆင့် ၁ အတွက် ဆောင်ရွက်ခဲ့သော ရှာဖွေရေးလုပ်ငန်းများကြောင့် ရေအရည်အသွေး နှင့် အနည်အနစ်များအပေါ် ဖြစ်ပေါ်နိုင်သောသက်ရောက်မှုများမှ ဆက်စပ်ပတ်ဝန်းကျင်ထိခိုက်မှုများ မြင့်တက်လာနိုင်ပါသည်။ ကာလအဆင့် ၁ ၏ ပစ္စည်းကိရိယာများ ရှိနေမှု နှင့် အသုံးပြုမှု အပြင် ကာလအဆင့် ၂ ၏ MODU နှင့် အခြားရေယာဉ်များကြောင့် ပင်လယ်သတ္တဝါများအပေါ် အနှောင့်အယှက်ဖြစ်မှု ရှိနိုင်ပါသည်။ MODU နှင့် ထောက်ပံ့ရေးရေယာဉ်များမှ ဖြစ်ပေါ်လာနိုင်သည့် ယိုဖိတ်မှုများကို ဆက်စပ်သက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သည့် အကြောင်းရင်းတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားပါသည်။ စီမံကိန်းဧရိယာသည် ရှိနေနိုင်သည့် ငါးဖမ်းနေရာများနှင့် တစ်ထပ်တည်း ကျနေနိုင်သော MODU နှင့် အခြားရေယာဉ်များအတွက် ဘေးကင်းရေးဇုန် (၅၀၀ မီတာ) ကြောင့်၊ ငါးဖမ်းလုပ်ငန်းများကို ယာယီရွှေ့ပြောင်းစေခြင်းကြောင့် လူမှုဘဝသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်

ပါသည်။

ဆက်စပ်သက်ရောက်မှုများအတွက် ဆန်းစစ်ခြင်းသည် အောက်ပါအကြောင်းရင်းများကို ထည့်သွင်း စဉ်းစားပြီး ဖြစ်ပါသည် -

- တူးဖော်ရေးကျစ်စာများ နှင့် အရည်များ၊
- ပင်လယ်သတ္တဝါများအပေါ် အနှောင့်အယှက်ဖြစ်မှု၊
- မမျှော်လင့်ထားသော ယိုဖိတ်မှု၊ နှင့်
- ငါးဖမ်းလုပ်ငန်းများ။

အတိုချုပ်ဆိုရလျှင်၊ အဆင့် ၂ အတွက် ဆန်းစစ်ခဲ့သည့် ဆက်စပ်သက်ရောက်မှုကို အရေးမပါသော သို့မဟုတ် မပြောပလောက်သော အဆင့်အဖြစ် သတ်မှတ်ပါသည်။

## ၁.၇ *အများပြည်သူနှင့် ဆွေးနွေးတိုင်ပင်ခြင်း နှင့် အများပြည်သူများထံ ဖော်ထုတ်တင်ပြခြင်း*

စီမံကိန်းဧရိယာ၏ တည်နေရာအကွာအဝေးကြောင့်၊ ရခိုင်ပြည်နယ်မှ ဒေသခံရပ်ရွာများသည် သက်ရောက်မှုခံရနိုင်ခြေ မရှိပါသည်။ ထို့ကြောင့်၊ ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးမှုများကို ရေလုပ်သားများ နှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအပေါ် အလေးပေးဆောင်ရွက်ခဲ့ ပါသည်။

သက်ဆိုင်သူများနှင့်တိုင်ပင်ဆွေးနွေးမှုများကို တာဝန်ရှိ အစိုးရဌာနများ၏ ခွင့်ပြုချက်များအရ စီမံ ခန့်ခွဲရေးအဆင့်တို့တွင် ဆောင်ရွက်ခဲ့ပါသည်။

တိုင်ပင်ဆွေးနွေးမှုကို ၂၀၁၆ နိုဝင်ဘာလ နှင့် ၂၀၁၇ မတ်လ တို့တွင် အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက် ခဲ့ ပါသည်။ ကျေးရွာအဆင့်ကိုယ်စားပြုမှုများဖြစ်ပေါ်စေရန် နှင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ခံစားရ သည့် ရေလုပ်ငန်းလုပ်ကိုင်သည့်ကျေးရွာများမှ ကျေးရွာအုပ်စုခေါင်းဆောင်များပါဝင်နိုင်စေရန် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ရုံးသို့ ပန်ကြားခဲ့ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းများကို စီမံကိန်းနှင့် အနီးဆုံး နေရာများဖြစ်သော ရခိုင်ပြည်နယ်ရှိ စစ်တွေခရိုင် နှင့် ကျောက်ဖြူခရိုင်တို့ကို အလေးပေးခဲ့ပါသည်။ မြို့နယ်ခန်းမအစည်းအဝေးများကို စစ်တွေ၊ ကျောက်ဖြူ၊ ရမ်းဗြဲ နှင့် မာန်အောင် တို့ရှိ GAD ရုံးအသီးသီးတို့တွင် ဆောင်ရွက်ခဲ့ပါသည်။ ဤအစည်းအဝေးများကိုဆောင်ရွက်ရန်လိုအပ်မှု နှင့် ပါဝင်မှုတို့ကို နယ်ပယ်အတိုင်းအတာသတ်မှတ်ရေးအဆင့်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် စစ်တွေရှိ ဝန်ကြီးချုပ်ရုံးအစည်းအဝေးအတွင်း ဆွေးနွေးခဲ့ပါသည်။

ရေလုပ်ငန်းကိုအထူးအားထားနေသော အချို့ရပ်ရွာများ နှင့် လုပ်ကွက်အမှတ် A-1 အတွင်း ငါးဖမ်းရှိ နေနိုင်သည့် ရပ်ရွာများကို ဖိတ်ခေါ်ခဲ့ပါသည်။ ထို့ကြောင့်၊ ရပ်ရွာလူထုနှင့် တိုင်ပင် ဆွေးနွေးပွဲများကို စစ်တွေ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်မြို့တို့တွင် ကျင်းပခဲ့ပြီး၊ အနီးပတ်လည် ကျေးရွာများမှ ရေလုပ်သားများကို ဖိတ်ခေါ်ခဲ့ပါသည်။

တိုင်ပင်ဆွေးနွေးမှု နှစ်ကြိမ်ဆောင်ရွက်သည့် ကာလအတွင်း၊ အစည်းအဝေးများကို မတူညီသော သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ဒေသ (ရခိုင်) အဆင့်အဖြစ် စစ်တွေ၊ ကျောက်ဖြူ၊ ရမ်းဗြဲ နှင့် မာန်အောင် နှင့် နိုင်ငံတော်အဆင့်အဖြစ် ရန်ကုန်တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ စစ်တွေ နှင့် ကျောက်ဖြူခရိုင် အနံ့မြို့နယ်များမှ ရေလုပ်သားများကို ပြည်သူ့မြို့တော်ခန်းမအစည်းအဝေးများ တက်ရောက်ရန် ဖိတ်ကြားခဲ့ပြီး၊ စစ်တွေ၊ ကျောက်ဖြူ၊ ရမ်းဗြဲ နှင့် မာန်အောင်တို့တွင် ကမ်းလွန် ရေလုပ်သားများ နှင့် ရေလုပ်ငန်းစီးပွားရေးသမားများနှင့် အဖွဲ့လိုက်ဆွေးနွေးမှု (FDG) ကို ကျင်းပ ခဲ့ပါသည်။

သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးမှုသည် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး၊ သက်ဆိုင်သူအသစ်များသည်လည်း စီမံကိန်းဆောင်ရွက်မှုတစ်လျှောက် ပေါ်ပေါက်လာနိုင်ပါသည်။ အသစ်သတ်မှတ်ဖော်ထုတ်ထားသော သက်ဆိုင်သူများကို သက်ဆိုင်သူများဆိုင်ရာအစီအစဉ်တွင် ထည့်သွင်းမှုပြုလုပ်သွားမည် ဖြစ်ပါသည်။

*ဇယား ၁.၆* တွင် စီမံကိန်းအတွက် ကျင်းပခဲ့သည့် တိုင်ပင်ဆွေးနွေးမှုအစည်းအဝေးအချို့ကို တင်ပြ ထား ပါသည်။

***ဇယား ၁.၆ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆွေးနွေးတိုင်ပင်မှု လုပ်ငန်းများ***

| နေ့ရက်၊ အချိန်၊ နေရာ | သက်ဆိုင်သူများ | အစည်းအဝေး၏ ရည်ရွယ်ချက် |
|---|---|---|
| ၂၀၁၆ နိုဝင်ဘာလ ၇ ရက်၊ ပြည်နယ် GAD ရုံး | ပြည်နယ်အစိုးရဝန်ကြီး ဦး ကျော်အေးသိန်း၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်း နှင့် စီးပွားရေး ဝန်ကြီးဌာန | • စီမံကိန်းသတင်းအချက်အလက်များ တင်ပြရန်။<br>• ရခိုင်ပြည်နယ်တွင် တွေ့ဆုံညှိနှိုင်းမှုဆောင်ရွက်နိုင်ရန် လိုအပ်သော ခွင့်ပြုချက်များ နှင့် အတည်ပြုချက်များ ရယူရန်။ |
| ၂၀၁၆ နိုဝင်ဘာလ ၈ ရက်၊ GAD ရုံး | ညွှန်ကြားရေးမှူး၊ ခရိုင် GAD ဦးတင့်လှိုင် နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်လင်းထက် | • စီမံကိန်းသတင်းအချက်အလက်များ တင်ပြရန်။<br>• တွေ့ဆုံညှိနှိုင်းမှုလုပ်ငန်းစဉ်တွင် အစိုးရတက်ရောက်မှု/ ပါဝင်မှု လိုအပ်ချက်များ နှင့် အစီအစဉ် နားလည် သဘောပေါက်မှု ကို ရယူရန်။ |
| ၂၀၁၆ နိုဝင်ဘာလ ၈ ရက်၊ DoF ရုံး | DoFı ဒေသခံရေလုပ်သားများ၊ စက်လှေပိုင်ရှင်များ၊ NGO များ နှင့် မီဒီယာ | • စီမံကိန်းသတင်းအချက်အလက်များ တင်ပြရန်။<br>• တွေ့ဆုံညှိနှိုင်းမှုလုပ်ငန်းစဉ်တွင် အစိုးရတက်ရောက်မှု/ ပါဝင်မှု လိုအပ်ချက်များ နှင့် အစီအစဉ် နားလည် သဘော ပေါက်မှု ကို ရယူရန်။<br>• စီမံကိန်းကြောင့် ထိခိုက်ခံစားရနိုင်ဖွယ်ရှိသော ရပ်ရွာ များ နှင့် လူများနှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူခြင်း။ |
| ၂၀၁၆ နိုဝင်ဘာလ ၁၀ ရက်၊ ခရိုင် GAD ရုံး | လက်ထောက် ခရိုင် GAD ဦးမြိုးအောင်ကြည် | • စီမံကိန်းသတင်းအချက်အလက်များ တင်ပြရန်။<br>• တွေ့ဆုံညှိနှိုင်းမှုလုပ်ငန်းစဉ်တွင် အစိုးရတက်ရောက်မှု/ ပါဝင်မှု လိုအပ်ချက်များ နှင့် အစီအစဉ် နားလည် သဘော ပေါက်မှု ကို ရယူရန်။ |

| နေ့ရက်၊ အချိန်၊ နေရာ | သက်ဆိုင်သူများ | အစည်းအဝေး၏ ရည်ရွယ်ချက် |
|---|---|---|
| ၂၀၁၆ နိုဝင်ဘာလ ၁၁ ရက်၊ ခရိုင် GAD ရုံး | DoF၊ ဒေသခံရေလုပ်သားများ၊ စက်လှေပိုင်ရှင်များ၊ NGO များ နှင့် မီဒီယာ | • စီမံကိန်းသတင်းအချက်အလက်များ တင်ပြရန်။<br>• တွေ့ဆုံညှိနှိုင်းမှုလုပ်ငန်းစဉ်တွင် အစိုးရထက်ရောက်မှု/ ပါဝင်မှု လိုအပ်ချက်များ နှင့် အစီအစဉ် နားလည် သဘော ပေါက်မှု ကို ရယူရန်။<br>• စီမံကိန်းကြောင့် ထိခိုက်ခံစားရနိုင်ဖွယ်ရှိသော ရပ်ရွာ များ နှင့် လူများနှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူခြင်း။ |
| ၂၀၁၇ မတ်လ ၈ ရက်၊ စစ်တွေ GAD ရုံးများ | စစ်တွေမြို့နယ် GAD၊ DoF၊ သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ်များ | • စီမံကိန်းမှ သက်ရောက်မှုများ နှင့် EIA တွေ့ရှိချက်များ ဆိုင်ရာ အချက်အလက်များကို တင်ပြခြင်း။<br>• စီမံကိန်းကြောင့် ထိခိုက်ခံစားရနိုင်ဖွယ်ရှိသော ရပ်ရွာ များ နှင့် လူများနှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူခြင်း။ |
| ၂၀၁၇ မတ်လ ၉ ရက်၊ ကျောက်ဖြူ GAD ရုံး | ကျောက်ဖြူမြို့နယ် GAD၊ DoF၊ သက်ဆိုင်ရာ ဦးစီးဌာနများ။ ရေလုပ်သားများ နှင့် CSO များမှ ကိုယ်စားလှယ်များ | • စီမံကိန်းမှ သက်ရောက်မှုများ နှင့် EIA တွေ့ရှိချက်များ ဆိုင်ရာ အချက်အလက်များကို တင်ပြခြင်း။<br>• စီမံကိန်းကြောင့် ထိခိုက်ခံစားရနိုင်ဖွယ်ရှိသော ရပ်ရွာ များ နှင့် လူများနှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူခြင်း။ |
| ၂၀၁၇ မတ်လ ၁၀ ရက်၊ ရမ်းဗြဲ GAD ရုံး | ရမ်းဗြဲ မြို့နယ် GAD၊ DoF၊ သက်ဆိုင်ရာ ဦးစီးဌာနများ။ ရေလုပ်သားများ နှင့် CSO များမှ ကိုယ်စားလှယ်များ | • စီမံကိန်းမှ သက်ရောက်မှုများ နှင့် EIA တွေ့ရှိချက်များ ဆိုင်ရာ အချက်အလက်များကို တင်ပြခြင်း။<br>• စီမံကိန်းကြောင့် ထိခိုက်ခံစားရနိုင်ဖွယ်ရှိသော ရပ်ရွာ များ နှင့် လူများနှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူခြင်း။ |
| ၂၀၁၇ မတ်လ ၁၄ ရက်၊ မာန်အောင် GAD ရုံး | မာန်အောင် GAD ရုံး၊ DoF၊ သက်ဆိုင်ရာ ဦးစီးဌာနများ။ ရေလုပ်သားများ နှင့် CSO များမှ ကိုယ်စားလှယ်များ | • စီမံကိန်းမှ သက်ရောက်မှုများ နှင့် EIA တွေ့ရှိချက်များ ဆိုင်ရာ အချက်အလက်များကို တင်ပြခြင်း။<br>• စီမံကိန်းကြောင့် ထိခိုက်ခံစားရနိုင်ဖွယ်ရှိသော ရပ်ရွာ များ နှင့် လူများနှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူခြင်း။ |

အစည်းအဝေးမှ ယေဘုယျသဘောတူညီမှုမှာ စီမံကိန်းလုပ်ငန်းများသည် ကမ်းနီးတွင်ဆောင်ရွက်သော ဒေသခံငါးဖမ်းလုပ်ငန်းနှင့် ထိတိုက်မိမှုများ ဖြစ်နိုင်ခြေမရှိကြောင်း ဖြစ်ပါသည်။ ရခိုင်ရေလုပ် သားများသည် ပုံမှန်အားဖြင့် ကမ်းမှ ၄၈ ကီလိုမီတာအကွာထက် ထွက်မဖမ်းကြကြောင်း သက်ဆိုင် သူများမှ အတည်ပြုပါသည်။ ကမ်းလွန်ငါးဖမ်းရေယာဉ်ကြီးများသာ လုပ်ကွက်အမှတ် A-1 အတွင်း ကျရောက်နိုင်ခြေရှိပါသည်။

သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးမှုသည် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး၊ သက်ဆိုင်သူအသစ်များသည်လည်း စီမံကိန်းဆောင်ရွက်မှုတစ်လျှောက် ပေါ်ပေါက်လာနိုင်ပါသည်။ အသစ်သတ်မှတ်ဖော်ထုတ်ထားသော သက်ဆိုင်သူများကို သက်ဆိုင်သူများဆိုင်ရာအစီအစဉ်တွင် ထည့်သွင်းမှုပြုလုပ်သွားမည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို PDC ၏ ဝက်ဘ်ဆိုက်တွင်လည်း ထုတ်ပြန်ပေး သွားမည်ဖြစ်ပြီး၊ အကျဉ်းချုပ်အစီရင်ခံစာကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာလုံးဖြင့် ထုတ်ပြန်ပေးသွား မည် ဖြစ်ပါသည်။

## ၁.၈ နိဂုံး နှင့် အကြံပြုချက်များ

လုပ်ကွက်အမှတ် A-1 ရှိ ရွှေ ၂ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုအစီရင်ခံစာကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) နှင့် အညီ ပြုစုရေးသားခဲ့ပါသည်။

PDC သည် မြန်မာ့လုပ်ထုံးလုပ်နည်းများကိုသာမက နိုင်ငံတကာတွင် ကျင့်သုံးသည့် လုပ်ငန်းအသုံချ အလေ့အကျင့်ကောင်းများကိုလည်း နားလည်သဘောပေါက်ထားကြောင်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းမှ ထင်ရှားစေပါသည်။

ထို့ပြင်၊ ရွှေစီမံကိန်း ကာလအဆင့် ၁ ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် PDC မှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ပတ်ဝန်းကျင်အရည်အသွေးမြင့်ဆောင်ရွက်မှုအတွင်း လုပ်ဆောင်ခဲ့ပြီး၊ သတ်မှတ် ဖော်ထုတ်ခဲ့သော အခြေခံအချက်အလက်များ (ဥပမာ - ရေအောက်ကြမ်းပြင်အနည်အနစ်များ၊ ရေအရည်အသွေး) တွင် အရေးပါသော ပြောင်းလဲမှုများမရှိကြောင်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ် ခြင်းမှ ထင်ရှားစေပါသည်။

ဤအကြောင်းအရာများသည် PDC အတွက် စီမံကိန်းအနီးဧရိယာ၏ သဘာဝပတ်ဝန်းကျင် နှင့် လူမှုအခြေအနေဆိုင်ရာ သတိပြုဆောင်ရွက်စရာများနှင့် ပတ်သက်၍ အချက်အလက်အလုံအ လောက် ကို ထောက်ပံ့ပေးပါသည်။

PDC သည် ရွှေလုပ်ကွင်းရှိ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုကို ၂၀၁၃ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ပြီး၊ ၎င်းအချိန်မှစ၍ နိုင်ငံအဆင့် နှင့် နိုင်ငံတကာအဆင့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာလျက်၊ သူ၏ ပိုမိုထိရောက်သော လုပ်ထုံးလုပ်နည်းများ (ဥပမာ - NADF ရွေးချယ်ခြင်း၊ ထုတ်လုပ်ရေးတွင်း တူးဖော်ရေးအတွက် အချိန်၊ စသည်ဖြင့်) ကို အကောင်အထည်ဖော်ရန် ကျယ်ပြန့်သော အသိပညာများ ရရှိထားပြီး ဖြစ်ပါသည်။

လုပ်ငန်းကာလအဆင့် ၂ အတွက် စီမံကိန်းနှင့်ဆက်နွယ်သည့် သက်ရောက်မှုများကို စီမံခန့်ခွဲရန် နှင့် ဥပဒေများ နှင့် အလေ့အကျင့်ကောင်းများကို လိုက်နာရန် စီမံကိန်းအသေးစိတ်ဆိုင်ရာများ ဖော်ပြထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပြုစုခဲ့ပါသည်။

သက်ရောက်မှုများသည် ယာယီ (အများဆုံး ၅၅-၆၀ ရက်) သာ ဖြစ်ပြီး MODU နှင့် SHP ပလက် ဖောင်းတစ်ဝိုက်သာ ကွက်၍ဖြစ်ပေါ်နိုင်ပါသည်။ လူမှုရေးဆိုင်ရာရှုထောင့်မှကြည့်လျှင်၊ စီမံကိန်းသည် စစ်တွေမှ ၆၃ ကီလိုမီတာကျော်အကွာတွင် ရှိပြီး၊ ပင်မကမ်းရိုးတန်းမှ ၅၀ ကီလိုမီတာခန့် ကွာဝေး ပါသည်။ ထို့ကြောင့်၊ စီမံကိန်းသည် ရခိုင်ပြည်နယ်ရှိ ဒေသခံရပ်ရွာများအပေါ် သက်ရောက်မှု ရှိနိုင် မည် မဟုတ်ပါ။ ထို့ပြင်၊ စီမံကိန်းတွင် OGT အဆောက်အအုံရှိနေပြီးဖြစ်သောကြောင့် ကုန်းပေါ်တွင် မည်သည့်အရေးပါသော လုပ်ငန်းမှ ဆောင်ရွက်မည် မဟုတ်ပါ။ သဘာဝပတ်ဝန်းကျင်ရှုထောင့်မှ ကြည့်လျှင်၊ စီမံကိန်းသည် ရေအနက် ၈၅ မီတာအထက်တွင်တည်ရှိနေသောကြောင့်၊ ဒေသရှိ ကမ်းနီး နှင့် ရေတိမ်ပိုင်းတို့တွင်တွေ့ရှိသော ထိခိုက်လွယ်သည့် နေရာများ နှင့် မျိုးစိတ်များကို သက်ရောက်နိုင်ခြေ မရှိပါ။ တူးဖော်ရေးဆောင်ရွက်မည့်ရေအောက်ကြမ်းပြင်သည် ထိခိုက်လွယ်မှု နည်းပြီး ဖြစ်ပေါ်လာနိုင်သည့်သက်ရောက်မှုမှာ ပမာဏနည်းပါးမည် ဖြစ်ပါသည်။

ယေဘုယျဆိုရလျှင်၊ လုပ်ငန်းကာလအဆင့် ၂ ၏ လုပ်ငန်းများသည် သက်ရောက်မှုကို လျော့နည်းစေရန် နှင့် တပ်ဆင်မှုလုပ်ငန်းများ သို့မဟုတ် အသစ်အဆောက်အအုံများတည်ဆောက်မှုကို ကိုရှောင်နိုင်ရန် ရွှေစီမံကိန်းလုပ်ကွင်းရှိ တည်ရှိနေပြီးသော အဆောက်အအုံများကို အသုံးပြုသွားမည် ဖြစ်ပါသည်။

စီမံကိန်းမှ မည်သည့်အရေးပါသောထိခိုက်မှုများထွက်ပေါ်လာမည်မဟုတ်ဘဲ၊ သက်ရောက်မှုအားလုံးကို ကျိုးကြောင်းညီညွတ်ပြီးအသုံးဝင်သော နည်းလမ်းများဖြင့် စနစ်တကျ လျော့ကျအောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို နိဂုံးချုပ်ထားပါသည်။

စီမံကိန်းတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တစ်ရပ်ရှိပြီး၊ ၎င်းတွင် လိုအပ်သော လျှော့ချ ရေး အစီအမံများ၊ နှင့် အစီရင်ခံရေး နှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး သတ်မှတ်ချက်များအားလုံး ကို အသေးစိတ်ဖော်ပြပါရှိပါသည်။ PDC တွင် ကန်ထရိုက်တာများ၏လုပ်ငန်းများကို စောင့်ကြပ် ကြည့်ရှုရန် နှင့် ဖော်ပြပါရှိသော လျှော့ချရေးအစီအမံများနှင့် ကိုက်ညီမှုရှိစေရန် MODU ပေါ်တွင် ကိုယ်စားလှယ်တစ်ဦးကိုလည်း ထားရှိသွားမည် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို PDC ၏ ဝက်ဘ်ဆိုက်တွင်လည်း ထုတ်ပြန်ပေး သွားမည်ဖြစ်ပြီး၊ အကျဉ်းချုပ် အစီရင်ခံစာကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာလုံးဖြင့် ထုတ်ပြန်ပေးသွား မည် ဖြစ်ပါသည်။ စာရွက်ကော်ပီများကို ရန်ကုန်ရှိ PDC ရုံးတို့တွင် တောင်ခံမှုအပေါ်မူတည်၍ ထားရှိသွားမည် ဖြစ်ပြီး၊ စစ်တွေ GAD နှင့် ကျောက်ဖြူ GAD ရုံးအသီးသီးတို့တွင်လည်း ထားရှိသွားမည်ဖြစ်ပါသည်။ ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်ဖြစ်ရပ်များကို လျော့ပေါ့သွားစေရန် စီမံကိန်းတွင်ပါဝင်ဆောင်ရွက်ကြသော လူတစ်ဦးချင်းတိုင်းအတွက် အရေးပေါ်အစီစဉ်များအစီအစဉ်တကျရှိနေမှုကို ကြေညာပေးထားခြင်းမှာ အရေးကြီးပါသည်။